# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
# လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည် -

| စဉ် | ရာထူး | လစာနှုန်းကျပ် | ခန့်ထားမည့် ရာထူးနေရာ |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၀ |
| (ခ) | ငွေကိုင်-၄ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၃၀ |
| (ဂ) | ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၃၀ |
| (ဃ) | ရုံးအကူ/စာပို့ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၁၃ |
| (င) | အစောင့် | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၇ |

၂။ အဆိုပါ ရာထူးနေရာများအား အောက်ပါ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင် ယှဉ်တွဲဖော်ပြပါ အရေအတွက်အတိုင်း ခန့်အပ်သွားမည်ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အငယ်တန်းစာရေး | ငွေကိုင် (၄) | ဒု-လ/ထ ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ရုံးအကူ /စာပို့ | အစောင့် | စုစုပေါင်း ဦးရေ |
|---|---|---|---|---|---|---|---|
| ၁ | ရုံးချုပ် | ၁၀ | - | ၈ | ၃ | - | ၂၁ |
| ၂ | နေပြည်တော် | ၂ | ၂ | - | ၁ | - | ၅ |
| ၃ | ကချင်ပြည်နယ် | - | ၁ | - | - | - | ၁ |
| ၄ | ကယားပြည်နယ် | - | ၁ | - | - | - | ၁ |
| ၅ | ကရင်ပြည်နယ် | - | ၁ | ၁ | ၁ | - | ၃ |
| ၆ | ချင်းပြည်နယ် | - | - | - | ၁ | - | ၁ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး | - | - | - | - | ၁ | ၁ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | တနင်္သာရီတိုင်းဒေသကြီး | ၁ | ၁ | ၁ | - | - | ၃ |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂ | ၆ | ၅ | ၁ | ၁ | ၁၅ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၁ | ၃ | ၂ | ၁ | ၁ | ၈ |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | - | ၂ | ၂ | ၁ | ၁ | ၆ |
| ၁၂ | မွန်ပြည်နယ် | - | ၂ | ၂ | ၁ | - | ၅ |
| ၁၃ | ရခိုင်ပြည်နယ် | - | - | - | - | ၁ | ၁ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၃ | ၃ | ၁ | ၁ | ၁၀ |
| ၁၅ | ရှမ်းပြည်နယ် | - | ၂ | ၁ | ၁ | - | ၄ |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၂ | ၆ | ၅ | ၁ | ၁ | ၁၅ |
| | **စုစုပေါင်း** | **၂၀** | **၃၀** | **၃၀** | **၁၃** | **၇** | **၁၀၀** |

၃။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမှတ်စဉ်(က)၊ (ခ)နှင့် (ဂ) လျှောက်ထားသူများသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ(သို့မဟုတ်)အခြေခံပညာအထက်တန်းအောင်မြင်ပြီး၊ကွန်ပျူတာဆိုင်ရာကျွမ်းကျင်မှုလက်မှတ်ရရှိပြီး( ကွန်ပျူတာကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ)ဖြစ်ရမည်။ ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ပြီး ၊ ရွေးချယ်ခန့်ထားခြင်းခံရပါက ဌာနတွင်းဖွင့်လှစ်သည့် သင်တန်းများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သည့် သင်တန်းများ တက်ရောက်နိုင်သူ ဖြစ်ရမည်။ ဌာနတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(ဂ) အမှတ်စဉ် (ဃ) လျှောက်ထားသူများသည် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီး ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက်

(၃၀)နှစ် ထက်မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ ဌာနတွင်အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(ဃ) အမှတ်စဉ် (င) လျှောက်ထားသူများသည် အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီး ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၄၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ ဌာနတွင်အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(င) လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်သည့် ဌာန အကြီးအကဲ၏ ခွင့်ပြုချက်ရယူ၍ လျှောက်ထားရမည်။

(စ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး နေ့/ည တာဝန်ထမ်းဆောင် နိုင်သူ၊ ငွေကြေးအရှုပ်အရှင်းကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ် ဘဏ်ခွဲအသီးသီးတွင်လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ **Website** (**https://www.madb.gov.mm**) တွင် **download** ပြုလုပ်၍ သော်လည်းကောင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများပူးတွဲတင်ပြရမည် -

(က) ဘွဲ့လက်မှတ်မိတ္တူ ၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) အိမ်ထောင်စုစာရင်းမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် တိုင်းဒေသကြီး ပြည်နယ်/ခရိုင်/မြို့နယ် ရဲစခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊

(စ) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃) ပုံ၊

၅။ လျှောက်ထားသူများသည် လျှောက်လွှာများကို ရုံးချုပ် (စီမံခန့်ခွဲရေးဌာနခွဲ)၊ အမှတ်(၂၆/၄၂) ၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့နှင့်သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဘဏ်ခွဲများသို့ **၃၁-၇-၂၀၂၅**

ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၆။ တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများအနေဖြင့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်တစ်မျိုးမျိုး ကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက်လွှာတွင်(မပျက်မကွက်)ထည့်သွင်းဖော်ပြထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၇။ လျှောက်ထားသူများအား အောက်ပါအချိန်ဇယားအတိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဘဏ်ခွဲအသီးသီးတွင် အရည်အချင်းစစ်ဆေးခြင်း များ ပြုလုပ်သွားမည်ဖြစ်ပါသည်-

| **စဉ်** | **လျှောက်ထားသည့် ရာထူး** | **ဖြေဆိုမည့် ဘာသာရပ်** | **နေ့ရက်/အချိန်** |
|---|---|---|---|
| (က) | အငယ်တန်းစာရေး/<br>ငွေကိုင်-၄ / ဒု-လက်ထောက်<br>ကွန်ပျူတာလုပ်ဆောင်ရေးမှူး | အထွေထွေဗဟုသုတ<br>(ရေးဖြေ) | **ရက် (၁၆-၈-၂၀၂၅)<br>နံနက် (၉:၃၀) နာရီ<br>မှ (၁၁:၀၀) နာရီအထိ** |
| (ခ) | အငယ်တန်းစာရေး/<br>ငွေကိုင်-၄ / ဒု-လက်ထောက်<br>ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ကွန်ပျူတာကျွမ်းကျင်<br>မှုစစ်ဆေးခြင်း | **ရက် (၁၆-၈-၂၀၂၅)<br>မွန်းတည့်(၁၂:၀၀)နာရီ<br>မှ (၁၃:၀၀) နာရီအထိ** |
| (ဂ) | အငယ်တန်းစာရေး/<br>ငွေကိုင်-၄ / ဒု-လက်ထောက်<br>ကွန်ပျူတာလုပ်ဆောင်ရေးမှူး | လူတွေ့/နှုတ်ဖြေ | **ရက် (၁၈-၈-၂၀၂၅)<br>နံနက် (၁၀:၃၀) နာရီ** |
| (ဃ) | ရုံးအကူ/စာပို့ | လူတွေ့ / နှုတ်ဖြေ | **ရက် (၁၈-၈-၂၀၂၅)<br>နံနက် (၁၀:၃၀) နာရီ** |
| (င) | အစောင့် | လူတွေ့ / နှုတ်ဖြေ | **ရက် (၁၈-၈-၂၀၂၅)<br>နံနက် (၁၀:၃၀) နာရီ** |

၈။ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ၁၃-၈-၂၀၂၅ ရက်နေ့တွင် ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ်ဘဏ်ခွဲများတွင် ကြေညာပေးသွားမည်ဖြစ်ပြီး စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) ပါရှိရမည်။

၉။ ရွေးချယ်ခန့်ထားသည့်အမည်စာရင်းကို ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် ဘဏ်ခွဲများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည် -

| **စဉ်** | **ရုံးချုပ်/တိုင်းဒေသကြီး/ပြည်နယ်** | **ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များ** |
|---|---|---|
| ၁ | ရုံးချုပ် | ၀၁-၃၉၁၂၃၂ ၊ ၀၉-၄၄၂ ၆၆၄ ၆၆၄ |
| ၂ | နေပြည်တော် | ၀၆၇-၅၅၀ ၃၄၆၊၀၆၇-၅၅၀ ၃၄၄ |
| ၃ | ကချင်ပြည်နယ် | ၀၇၄-၂၅၂ ၂၅၂၆၊၀၇၄-၂၅၂၂၃၈၁ |
| ၄ | ကယားပြည်နယ် | ၀၉-၂၅၃ ၀၁၀ ၀၂၇ |
| ၅ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၃၉၈ |
| ၆ | ချင်းပြည်နယ် | ၀၉-၄၀၀ ၃၁၁ ၈၇၁ ၊၀၇၀-၂၁၀၉၃ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၃ ၇၂၅ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၁၂၅၇ |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၃ ၀၀ ၇၇၊၀၅၂-၂၂ ၃၀ ၀၂၂ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၆၆၈၀ |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃ ၃၄ ၉၃၊၀၂-၄၀ ၆၉ ၇၄၀ |
| ၁၂ | မွန်ပြည်နယ် | ၀၅၇-၂၄၈၀၃ |
| ၁၃ | ရခိုင်ပြည်နယ် | ၀၉- ၉၇၀ ၂၂၀ ၇၈၉ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၆၅၀ ၄၀၁၊၀၁-၆၅၀ ၃၉၈ |
| ၁၅ | ရှမ်းပြည်နယ် | ၀၈၁-၂၁၂၂၂၃၉ |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၉၁၂၇၊ ၀၄၂-၂၉၁၂၆ |

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန